Center for Diversity and National Harmony

Daily News Letter

No.(12), Shwe Li Street,
Kamayut Township,
Yangon11041, Myanmar

အတွဲ (၁)၊ အမှတ် (၂၆၉,၂၇၀) နေ့စွဲ။ ၁.၁၁.၂၀၁၅ (တနင်္ဂနွေနေ့), ၂.၁၁.၂၀၁၅ (တနင်္လာနေ့)

| စဉ် | နေ့စွဲ | သတင်းဌာန | အကြောင်းအရာ | အကျဉ်းချုပ် |
|---|---|---|---|---|
| ၁ | ၂.၁၁.၁၅ | Daily Eleven p (2) | ဦးသိန်းစိန် | **သမ္မတဦးသိန်းစိန် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ မြိတ်၊ ကျွန်းစု၊ တနင်္သာရီနှင့် ပုလောမြို့နယ်များသို့ သွားရောက်** <br> သမ္မတ ဦးသိန်းစိန်သည် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြိတ်၊ ကျွန်းစု၊ တနင်္သာရီနှင့် ပုလောမြို့နယ်များသို့ နိုဝင်ဘာ ၁ ရက်တွင် သွားရောက်ခဲ့ပြီး ဒေသခံများ၊ သက်ဆိုင်ရာအစိုးရဌာနများမှ ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ကြောင်း မြန်မာ့ရုပ်မြင်သံကြားမှ ဖော်ပြထားသည်။ ယင်းခရီးစဉ်တွင် သမ္မတဦးသိန်းစိန်အနေဖြင့် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဦးဇေယျာအောင်၊ ဒေါက်တာသန်းအောင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့်အတူ သွားရောက်ခဲ့ခြင်းဖြစ်သည်။ <br> ကြည်နိုင် |
| ၂ | ၂.၁၁.၁၅ | The Voice Daily Vol.3 No.177 Pg (1, 4) | ဦးသိန်းစိန် | **လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန် လုပ်ဆောင်မည်ဟု နိုင်ငံတော်သမ္မတပြော** <br> နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအား လွတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲဖြစ်ရန် လုပ်ဆောင်သွားမည်ဟု နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အောက်တိုဘာ ၃၁ ရက်နေ့က ကော့သောင်းမြို့ရှိ ဒေသခံများ၊ ဌာနဆိုင်ရာများ၊ ကြံ့ခိုင်ရေးပါတီဝင်များနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။ ထို့ပြင် လာမည့်ရွေးကောက်ပွဲမှာ နိုင်ငံတကာမှ စိတ်ဝင်တစားစောင့်ကြည့်နေကြသည့်အချိန်ဖြစ်ပြီး လုံလုံခြုံခြုံ အေးအေးချမ်းချမ်း ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ကြရန် ရွေးကောက်ပွဲကော်မရှင်အားလည်း မှာကြားထားကြောင်းနှင့် ပြည်သူလူထုမှလည်း ပူးပေါင်းပါဝင်ကြရန် သမ္မတက ပြောကြားခဲ့သည်။ ထို့ပြင် သမ္မတက နိုင်ငံရေးစနစ် ပြုပြင်ပြောင်းလဲရာတွင် အခက်ခဲဆုံးမှာ ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရခြင်းဖြစ်သည်ဟုလည်း |

| | | | | |
|---|---|---|---|---|
| | | | | ပြောကြားခဲ့သည်။ သမ္မတ၏ ကော့သောင်း၊ ထားဝယ် ခရီးစဉ်သို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အတူလိုက်ပါခဲ့သည်။<br>Dawei Watch |
| ၃ | ၂.၁၁.၁၅ | The Voice Daily Vol.3 No.177 Pg (2) | သူရဦးရွှေမန်း | **ဒေါ်အောင်ဆန်းစုကြည်နှင့် ပူးပေါင်းမှုကြောင့် ကြံ့ခိုင်ရေးပါတီ ဥက္ကဋ္ဌအဖြစ်မှ ဖယ်ရှားခံရခြင်းဖြစ်နိုင်ကြောင်း သူရဦးရွှေမန်းပြော**<br>အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် ပူးပေါင်းမှုကြောင့် ကြံ့ခိုင်ရေးပါတီ ဥက္ကဋ္ဌအဖြစ်မှ ဖယ်ရှားခံရခြင်းဖြစ်နိုင်ကြောင်း ကြံ့ခိုင်ရေးပါတီ ဥက္ကဋ္ဌဟောင်း သူရဦးရွှေမန်းက အောက်တိုဘာ ၃၁ ရက်နေ့က ဖြူးမြို့နယ် ကညွတ်ကွင်းတွင် မီဒီယာများနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။ ယင်းသို့ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည်ဟု ယူဆ၍ လုပ်ဆောင်ခဲ့မှုအပေါ် သမ္မတခေါင်းဆောင်သည့် အစုအဖွဲ့က သဘောထားကွဲလွဲခဲ့သည့် ပုံစံရှိခဲ့သောကြောင့် ယင်းသို့ဖြစ်ပေါ်လာသည်ဟု ယူဆရကြောင်း၊ လာမည့်ရွေးကောက်ပွဲတွင် မည်သည့်ရလဒ်ထွက်ပေါ်သည်ဖြစ်စေ ကြံ့ခိုင်ရေးပါတီက နုတ်ထွက်မည်မဟုတ်ကြောင်း၊ သို့သော် ပါတီကောင်းကျိုး၊ တိုင်းပြည်ကောင်းကျိုးနှင့် အမျိုးသားအကျိုးစီးပွား ယှဉ်လာပါက မည်သည့်ပါတီနှင့်မဆို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ |
| ၄ | ၂.၁၁.၁၅ | The Voice Daily Vol.3 No.177 Pg (3) | သူရဦးရွှေမန်း | **လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ငံလင်းအား ဓားဖြင့်ခုတ်မှု အောက်တန်းကျသော လုပ်ရပ်ဖြစ်ကြောင်း သူရဦးရွှေမန်းပြော**<br>အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ်လောင်းဖြစ်သူ ဦးနိုင်ငံလင်းအား ဓားဖြင့်ခုတ်မှုမှာ အောက်တန်းကျသော လုပ်ရပ်ဖြစ်ပြီး ယင်းနှင့်ပတ်သက်၍ နိုင်ငံဂုဏ်သိက္ခာကို ထိခိုက်ကြောင်းနှင့် မိမိအနေဖြင့် ဝမ်းနည်းမိကြောင်း ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းက အောက်တိုဘာ ၃၁ ရက်နေ့က ကညွတ်ကွင်းမြို့ မဲဆွယ်စည်းရုံးရေးခရီးစဉ်တွင် ပြောကြားခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဆိုင်သူအားလုံးအား ဥပဒေကြောင်းအရ တိတိကျကျ အရေးယူပေးရန် စောင့်ကြည့်သွားမည်ဖြစ်ပြီး တိတိကျကျလုပ်ဆောင်ခြင်းမရှိပါက လွှတ်တော်နာယကတစ်ဦးအနေနှင့် တိုက်တွန်းစရာရှိသည့်ကိစ္စရပ်များကို တိုက်တွန်းသွားမည်ဖြစ်ကြောင်း ဦးရွှေမန်းက ဆိုသည်။ ဦးနိုင်ငံလင်းသည် အောက်တိုဘာ ၂၉ ရက်နေ့ညက သာကေတမြို့နယ်အတွင်း ပါတီမဲဆွယ်စည်းရုံးရေးဆောင်ရွက်စဉ် ဓားထိုးခံခဲ့ရခြင်းဖြစ်ပြီး ယင်းနှင့်ပတ်သက်၍ တရားဥပဒေနှင့်အညီ ရင်ဆိုင်ဖြေရှင်းသွားမည်ဖြစ်သောကြောင့် ပါတီဝင်များအနေဖြင့် မည်သို့မျှ မတုံ့ပြန်ကြရန် NLD က ကြေညာချက်ထုတ်ပြန် တိုက်တွန်းထားသည်။ |

| | | | | |
|---|---|---|---|---|
| ၅ | ၂.၁၁.၁၅ | Daily Eleven Pg (25) | သူရဦးရွှေမန်း | **တောင်သူလယ်သမားများ ဆင်းရဲနေခြင်းကြောင့် မြန်မာနိုင်ငံဆင်းရဲနေခြင်းဖြစ်ကြောင်း သူရဦးရွှေမန်းပြော**<br>မြန်မာနိုင်ငံတွင် တောင်သူလယ်သမားများ ဆင်းရဲနေခြင်းကြောင့် နိုင်ငံဆင်းရဲနေခြင်းဖြစ်ပြီး မြေယာမူဝါဒများအပြင် တောင်သူလယ်သမားများ အကျိုးရှိစေမည့်မူဝါဒများ ပြောင်းလဲရန်လိုအပ်ကြောင်း ဖြူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း သူရဦးရွှေမန်းက အောက်တိုဘာ ၃၁ ရက်နေ့က ကညွတ်ကွင်းမြို့ အောင်တော်မူခန်းမကြီး၌ ဒေသခံများနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။ တောင်သူလယ်သမားများ၏ အကျိုးစီးပွား၊ အခွင့်အရေးကို ကာကွယ်ပေးမည့်မူဝါဒများ လိုအပ်ကောင်းနှင့် ယင်းမူဝါဒများချမှတ်ပြီး ဥပဒေအတိုင်း ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း ဦးရွှေမန်းက ပြောကြားခဲ့သည်။ ထို့ပြင် ပြုပြင်ပြောင်းလဲရေးဆိုသည်မှာ ပါးစပ်ဖြင့်ပြော၍မရဘဲ အုပ်ချုပ်ရေးတွင် ပြည်သူများပါဝင်ရန်လိုအပ်ကြောင်း၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေရေးများတွင် ပြည်သူလူထုအနေဖြင့် ယခုထက်ပိုမို ပါဝင်ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည်ဟုလည်း သူရဦးရွှေမန်းက ပြောကြားခဲ့သည်။<br>ဇော်ဝင်းချစ် (တောင်ငူ) |
| ၆ | ၂.၁၁.၁၅ | The Voice Daily Vol (3) No (178) p (3) | သူရဦးရွှေမန်း | **ရွေးကောက်ပွဲအပြီး ကျင်းပမည့် လွှတ်တော်အစည်းအဝေးတွင် နောက်ဆက်တွဲ ဘတ်ဂျက်ကိစ္စ အဓိကထား ဆွေးနွေး**<br>ရွေးကောက်ပွဲအပြီး နိုဝင်ဘာ ၁၆ ရက်တွင် ကျင်းပမည့် လွှတ်တော် အစည်းအဝေးတွင် ၂၀၁၅- ၁၆ အတွင်း သုံးစွဲမည့် နောက်ဆက်တွဲ ဘတ်ဂျက်ကိစ္စကို အဓိကထားဆွေးနွေးမည်ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယက သူရဦးရွှေမန်းက ပြောသည်။ ပြည်သူ့လွှတ်တော်တွင် အတည်ပြုရန် ကျန်ရှိသော ဥပဒေကြမ်း ၁၅ ခု၊ အမျိုးသားလွှတ်တော်တွင် ၁၄ ခုနှင့် ပြည်သူ့လွှတ်တော်မှ အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော ဥပဒေကြမ်းအပါအဝင် ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုရန်ဥပဒေကြမ်း ၆ ခုကို ဆွေးနွေးမည်ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တတ် ဥပဒေကြမ်း ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဦးစောလှထွန်းက ပြောသည်။<br>နေပြည်တော် |
| ၇ | ၂.၁၁.၁၅ | 7 Day Daily No (905) p (2) | ဒေါ်အောင်ဆန်းစုကြည် | **ဒီချုပ်အနိုင်ရပြီး ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်စေရန် ဆရာတော်အရှင်ဆန္ဒာဓိက ဆုတောင်း**<br>ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိကသည် (၃၂) ကြိမ်မြောက် ရွှေပါရမီ သွေးလှူဒါန်းပွဲတွင် ဦးဆောင်လှူဒါန်းပြီးနောက် ရွေးကောက်ပွဲတွင် မဲစာရင်းတွင် ပါဝင်သူတိုင်း မဲပေးခွင့်ရပြီး NLD အဖွဲ့ချုပ် အပြတ်အသတ်အနိုင်ရကာ ဒေါ်အောင်ဆန်း |

| | | | | |
|---|---|---|---|---|
| | | | | စုကြည် သမ္မတဖြစ်စေရန် ဆုတောင်းခဲ့ကြောင်း မိန့်ကြားသည်။ ဒုတိယဆုတောင်းမှာ ပြည်သူလူထု ချစ်ခင်မြတ်နိုးထောက်ခံသည့် NLD ပါတီ အပြတ်အသတ်အနိုင်ရပြီး အစိုးဖွဲ့နိုင်ပါစေဟု ဆရာတော်က ဆုတောင်းကြောင်း မိန့်ကြားသည်။ တတိယဆုတောင်းမှာ ဒေါ်အောင်ဆန်းစုကြည် နိုင်ငံတော် သမ္မတကြီးဖြစ်ပါစေဟု ဆုတောင်းကြောင်း၊ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်မှသာ တိုင်းပြည် အမှန်တကယ် ပြောင်းလဲမည်ဖြစ်ကြောင်း မိန့်ကြားသည်။<br>နန္ဒ |
| ၈ | ၂.၁၁.၁၅ | 7 Day Daily No (905) p (2) | Election | **ပေးထားသည့် ကတိများကို ၂ နှစ်အတွင်း အကောင်အထည်ဖော်ပေးမည်ဟု ဦးမြင့်လှိုင်ပြော**<br>နေပြည်တော် ဒက္ခိဏသီရိမြို့နယ်တွင် ယှဉ်ပြိုင်မည့် လယ်ဆည်ဝန်ကြီး ဦးမြင့်လှိုင်က ၄င်းတို့ကတိပြထားသည့် အချက်ခုနစ်ချက်ကို ၂ နှစ်အတွင်း အကောင်အထည်ဖော်ပေးမည် ဟု ကတိပြုပြောကြားသည်။ နိုဝင်ဘာ ၁ ရက် နံနက် ၈ နာရီခန့်မှ စတင်ကာ ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာတွင် ဒက္ခိဏသီရိ မြို့နယ်လုံးကျွတ် ပါတီဝင်များ စုံညီစုပေါင်းစည်းရုံးပွဲကို တစ်နာရီကြာပြုလုပ်ခဲ့ပြီး ပါတီဝင်တစ်ထောင်ကျော် တက်ရောက်ခဲ့သည့် အခမ်းအနားတွင်ပြောသည်။ ပြည်ခိုင်ဖြိုးပါတီသည် အမျိုးသားနိုင်ငံရေးပါတီတစ်ခုဖြစ်ပြီး ကမ္ဘာ့အလယ်တွင် ဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံများနည်းတူ ရင်ပေါင်တန်းနိုင်အောင် ဖော်ဆောင်ပေးမည်ဖြစ်၍ ခြသေ့်ပါတီကို ယုံကြည်စွာ မဲထည့်ရန် ပြောကြားခဲ့သည်။ ၄င်းယှဉ်ပြိုင်မည့် ဒက္ခိဏသီရိမြို့နယ်သည် နေပြည်တော်ကောင်စီတွင် မဲဆွယ်စည်းရုံးစဉ် ပြည်ခိုင်ဖြိုးက မဘသ တံဆိပ်ဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ပချုပ်ကို မဲမပေးရန် လက်ကမ်းစာစောင်များဝေငှမှု၊ မီတာဘောက်စ်များပေးကာ မဲဆွယ်စည်းရုံးမှု၊ ဒီချုပ်အမတ်လောင်းများ တိုက်ခိုက်ခံရမှုတို့ အများဆုံးဖြစ်ပွားခဲ့သည့် နယ်မြေဖြစ်သည်။<br>ရဲနိုင် |
| ၉ | ၂.၁၁.၁၅ | Daily Eleven Pg (25) | Election | **လွိုင်ကော်ခရိုင်အတွင်း အထူးရဲလုံခြုံရေး ရဲ ၂၀၀ နီးပါးရှိသော်လည်း အများစုမှာ တိုင်းရင်းသားဒေသခံများဖြစ်၍ အမိန့်အာဏာအသုံးပြုကာ မဲမသမာမှုပြုလုပ်မည်ကို နိုင်ငံရေးပါတီများ စိုးရိမ်နေ**<br>ကယားပြည်နယ် လွိုင်ကော်ခရိုင်အတွင်း ရွေးကောက်ပွဲအတွက် အထူးရဲလုံခြုံရေး ရဲ ၂၀၀ နီးပါးရှိသော်လည်း အများစုမှာ တိုင်းရင်းသားဒေသခံများဖြစ်၍ အမိန့်အာဏာကို အသုံးပြုကာ မဲမသမာမှုများပြုလုပ်မည်ကို စိုးရိမ်ကြောင်း နိုင်ငံရေးပါတီများက ပြောကြားသည်။ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ရှားတောမြို့နယ်တွင် မဲရုံကိုးရုံရှိကာ ဒေသခံ ကယားနှင့် ရှမ်းလူမျိုးများပါဝင်သော အထူးရဲကိုးဦး ခန့်ထားပြီး ဒေသခံ |

| | | | | |
|---|---|---|---|---|
| | | | | တိုင်းရင်းသားစကားအား ပြောဆိုနိုင်ကြသည်ဟုသိရသည်။ လှိုင်ကော်ခရိုင်အတွင်း ရှားတောမြို့နယ် အပါအဝင် သွားလာရခက်ခဲ၍ ဆက်သွယ်ရေးမရသော ကျေးရွာမဲရုံများလည်းရှိရာ မဲမသာမာမှုများကို အချိန်မီသိရှိနိုင်ရန် အခက်အခဲရှိကြောင်းနှင့် စောင့်ကြည့်ရေးအဖွဲ့များနှင့် သတင်းသမားများမှ ကျေးရွာများအထိ ကွင်းဆင်းစောင့်ကြည့်နိုင်ရန်လိုအပ်သည်ဟု နိုင်ငံရေးပါတီများက ပြောကြားသည်။<br>မခိုင်(လှိုင်ကော်) |
| ၁၀ | ၂.၁၁.၁၅ | Daily Eleven Pg (3) | Election | **အာဏာရပါတီနှင့် တိုင်းရင်းသားပါတီအချို့မှ ကိုယ်စားလှယ်လောင်းများသည် ငွေပေး၍ မဲဆွယ်စည်းရုံးမှုများရှိခဲ့ကြောင်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အောက်ချင်းလူမှုအဖွဲ့အစည်း ၏ ကနဦးလေ့လာတွေ့ရှိချက်အစီရင်ခံစာတွင် ဖော်ပြထား**<br>အာဏာရပါတီနှင့် တိုင်းရင်းသားပါတီအချို့မှ ကိုယ်စားလှယ်လောင်းများသည် ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရာ၌ ငွေပေးမဲဆွယ်မှုများရှိခဲ့သည်ဟု ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေး အောက်ချင်း လူမှုအဖွဲ့အစည်း (Hornbill Organization) ၏ အောက်တိုဘာ ၃၁ ရက်နေ့ကထုတ်ပြန်သည့် ကနဦးလေ့လာတွေ့ရှိချက် အစီရင်ခံစာအရသိရသည်။ ကိုယ်စားလှယ်လောင်းများအနေဖြင့် ပုဂ္ဂိုလ်ရေးပုတ်ခတ်ပြောဆိုမှုများ မရှိသော်လည်း လူမျိုးရေး၊ ဘာသာရေးကို အကြောင်းပြု မဲဆွယ်စည်းရုံးမှုများကို အချို့ဒေသများတွင် တွေ့ရှိရကြောင်း၊ ကိုယ်စားလှယ်လောင်းအချို့မှ ရာထူး၊ အခွင့်အာဏာဖြင့် ပြည်သူပိုင်အဆောက်အအုံများ အသုံးပြု မဲဆွယ်မှုများလည်းရှိခဲ့သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ အဆိုပါအဖွဲ့သည် စက်တင်ဘာ ၁၈ ရက်မှ အောက်တိုဘာ ၂၈ ရက်အတွင်း ရန်ကုန်တိုင်းအတွင်း ခြောက်မြို့နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း ခြောက်မြို့၊ ရခိုင်ပြည်နယ်တွင် ခြောက်မြို့နယ်၊ ချင်းပြည်နယ်တွင် ကိုးမြို့နယ် စုစုပေါင်း ၂၇ မြို့နယ်တွင် စောင့်ကြည့်လေ့လာသူ ၂၀ ဦးဖြင့် စောင့်ကြည့်လေ့လာတွေ့ရှိချက်ကနဦး အစီရင်ခံစာအား အောက်တိုဘာ ၃၁ ရက်က ရန်ကုန်မြို့ ခဝဲခြံရှိ မျက်မမြင်ကျောင်းတွင် မီဒီယာများနှင့် တွေ့ဆုံ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ |
| ၁၁ | ၂.၁၁.၁၅ | 7 Day Daily No (905) p (10) | Election | **ဒီချုပ်တင်မည့် သမ္မတလောင်းမှာ နိုင်ငံတကာ သံတမန်အသိုင်းအဝိုင်းနှင့် ရင်းနှီးသည့် ဗဟန်းမြို့နယ်မှ ပါတီဝင်တစ်ဦးဖြစ်နိုင်ဟု လယ်ရီဂျေဂင်ခန့်မှန်း**<br>လာမည့် ရွေးကောက်ပွဲတွင် ဒီချုပ်အနိုင်ရပါက အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှ သမ္မတလောင်းအဖြစ် ရွေးချယ်တင်မြှောက်မည့်သူမှာ နိုင်ငံတကာ သံတမန်အသိုင်းအဝိုင်းနှင့် ရင်းနှီးမှုရှိသည့် ဗဟန်းမြို့နယ်မှ ပါတီဝင်အမျိုးသား တစ်ဦးဖြစ်ကြောင်း |

| | | | | |
|---|---|---|---|---|
| | | | | မြန်မာ့နိုင်ငံရေးလေ့လာသူ နိုင်ငံရေးပညာရှင် လယ်ရီဂျေဂင်က ခန့်မှန်းသည်။ ၎င်းအနေဖြင့် ဒီချုပ်ကို ထောက်ခံသူများနှင့် စကားပြောဆိုဆွေးနွေးရရှိလာသည့် အချက်အလက်နှင့် ထင်မြင်ယူဆချက်များကိုအခြေခံကာ ခန့်မှန်းခြင်းဖြစ်ကြောင်းဆိုသည်။ သို့သော်ယင်းသို့ လယ်ရီဂျေဂင်၏ ပြောဆိုချက်မှာ ဖြီးဖြန်းပြောဆိုခြင်းသာဖြစ်ပြီးဒီချုပ်ပါတီမှ တင်မြှောက်မည့် ဒုသမ္မတလောင်း မည်သူမည်ဝါဖြစ်လာမည်ဆိုသည်ကို ရွေးကောက်ပွဲ ပြီးစီးချိန်မှသာ အများပြည်သူသို့ အသိပေးထုတ်ပြန်မည်ဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုကော်မတီဝင် ဦးဝင်းထိန်က ပြောသည်။<br>မောင်တော |
| ၁၂ | ၂.၁၁.၁၅ | 7 Day Daily No (905) p (12) | Election | **အောင်လံတွင် ပြည်ခိုင်ဖြိုးပါတီ အောင်နိုင်ရေးဆိုင်းဘုတ် ဖျက်ဆီးခံရ**<br>မကွေးတိုင်း၊ အောင်လံမြို့တွင် အောက်တိုဘာ ၃၀ ရက်၌ ပြည်ခိုင်ဖြိုးပါတီက အင်အားပြ၍ မဲဆွယ်သည်းရုံးရေးလှည့်စဉ် အောင်လံမြို့တွင်း ၁၀ လမ်းထောင့်တွင် စိုက်ထူထားသော ဆိုင်းဘုတ်နှစ်ခုအနက် သမ္မတပုံပါသည့် မဲဆွယ်ဆိုင်းဘုတ်မှ အောက်ခြေဘက်တွင် ဖျက်ဆီးခံရခြင်းဖြစ်ကြောင်းသိရသည်။ ရွေးကောက်ပွဲနီးကပ်လာချိန်တွင် အောင်လံမြို့နယ်အတွင်း ပြည်ခိုင်ဖြိုးပါတီနှင့် ဒီချုပ်ပါတီတို့၏ မဲဆွယ်မှုမှာ အပြိုင်အဆိုင်ဖြစ်နေပြီး အောက်တိုဘာ ၂၉ ရက်တွင် ဒီချုပ်က မြို့တွင်း လှည့်လည်စည်းရုံးပြီး အောက်တိုဘာ ၃၀ ရက်တွင် ပြည်ခိုင်ဖြိုး ပါတီက အင်အားပြစည်းရုံးခဲ့သည်။ လင်းသက်နိုင် |
| ၁၃ | ၂.၁၁.၁၅ | 7 Day Daily No (905) p (27) | Election | **ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာမည့် ပြည်ပအဖွဲ့အစည်းများအား မကြောက်ကြရန် အားပေးထားဟုဆို**<br>ပြည်ပနိုင်ငံသံရုံးတာဝန်ရှိသူများနှင့် ပြည်ပလေ့လာရေးအဖွဲ့အစည်းများက ဧရာဝတီတိုင်း ဒေသကြီးအတွင်းရှိ မဲရုံများတွင် ပွင့်လင်းမြင်သာမှု ရှိ၊ မရှိ ရွေးကောက်ပွဲနေ့တွင် လေ့လာမည်ဖြစ်၍ ဒေသတွင်း မဲရုံဝန်ထမ်းများအနေဖြင့် ကြောက်ရွံ့မနေရန် အားပေးထားကြောင်း ဧရာဝတီတိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်မြင့်ကပြောသည်။ ဧရာဝတီတိုင်းဒေသကြီးမဲရုံများသို့ အမေရိကန်၊ ဗြိတိန်၊ အီးယူ သံရုံးတာဝန်ရှိသူများနှင့် ကာတာစင်တာအပါအဝင် ပြည်ပအဖွဲ့အစည်း သုံးခု ထက်မနည်း လာရောက်လေ့လာမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ညွှန်ကြားရေးမှူး ဦးသောင်းလှိုင်ကပြောသည်။ ဧရာဝတီတိုင်းဒေသကြီးရှိ ဟင်္သာတ၊ အင်္ဂပူ၊ မြန်အောင်၊ မအူပင်၊ မြောင်းမြနှင့် ငပုတောမြို့နယ်များကို ၂၀၁၅ ရွေးကောက်ပွဲတွင် စောင့်ကြည့်ရမည့် မြို့နယ်များအဖြစ် နိုင်ငံရေးလေ့လာသူများက သတ်မှတ်ထားသည်။ အောင်သစ်လွင် |

| | | | | |
|---|---|---|---|---|
| ၁၄ | ၂.၁၁.၁၅ | The Voice Daily Vol (3) No (178) p (5) | Election | **ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးအတွက် လက်ပူတိုက် ကုထုံးဖြင့် ဆောင်ရွက်၍ မရ ဟု ဒုတိယဗိုလ်ချုပ်ကြီးဝေလွင် (ငြိမ်း) ပြော**<br>မြန်မာ့ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးအတွက် လက်ပူတိုက်ကုထုံးဖြင့် ကုသ၍မရကြောင်း ကြံ့ခိုင်ရေးပါတီအမတ်လောင်း ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်က ပြောသည်။ ကြံ့ခိုင်ရေးပါတီအမတ်လောင်း ၁၀ ဦးက နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီဝင်းအတွင်း ပြုလုပ်သော မဲဆွယ်စည်းရုံးဟောပြောပွဲတွင် ယင်းသို့ ပြောခြင်းဖြစ်သည်။ ပြောင်းလဲခြင်းမရှိသည့်ပြင် နောက်ကြောင်းပြန်လှည့်နေသည်ဟု ပြောဆိုနေသူများသည် ကြံ့ခိုင်ရေးပါတီ ပြောင်းလဲနေသော လမ်းကြောင်းပေါ်တွင် လိုက်ပါခြင်း မရှိဘဲ မျက်စိစုံမှိတ်အော်နေခြင်းသာဖြစ်ကြောင်း ပြောည်။ ယင်းကြံ့ခိုင်ရေးပါတီ မဲဆွယ်စည်းရုံးပွဲအား တစ်မြို့နယ်လျှင် အင်အားတစ်ထောင်ခန့် တက်ရောက်စေခဲ့ပြီး တက်ရောက်အင်အား တစ်သောင်းဝန်းကျင်ရှိကြောင်း ကြံ့ခိုင်ရေးပါတီ မြို့နယ်ကော်မတီဝင်တစ်ဦးက ဆိုသည်။<br>ကိုပေါက် |
| ၁၅ | ၂.၁၁.၁၅ | The Voice Daily Vol (3) No (178) p (10) | Election | **ပါတီကြီးနှစ်ခုလုံးတွင် သမ္မတနေရာအတွက် လျာထားခြင်းမရှိသေးဟုဆို**<br>မြန်မာနိုင်ငံ၏ အင်အားကြီး ပါတီနှစ်ခုဖြစ်သည့် USDP နှင့် NLD ပါတီနှစ်ခုလုံးတွင် သမ္မတနေရာအတွက် လျာထားခြင်းမရှိသေးကြောင်း မန္တလေးမြို့တွင် နိုဝင်ဘာ ၁ ရက်နေ့က ပြုလုပ်သည့် ဘီဘီစီ မြန်မာပိုင်းအစီအစဉ်၏ **"မေးမြန်းစရာ ဒီချိန်ခါ"** ရိုက်ကူးတင်ဆက်မှုတွင် တက်ရောက်လာသည့်သူများ မေးမြန်းမှုကိုဖြေကြားရာတွင် ယင်းသို့ ပြောခြင်းဖြစ်သည်။ လက်ရှိ ဖွဲ့စည်းပုံအခြေခံအရ သမ္မတကိုတိုက်ရိုက်ရွေးချယ်တင်မြှောက်၍ မရဘဲ ပါတီများ၏ အောင်နိုင်မှုအပေါ် အခြေခံကြောင်း၊ မိမိတို့ပါတီ၏ အောင်နိုင်မှု အခြေအနေကို အခြေခံပြီးမှ မည်သို့ဆောင်ရွက်သင့်သည်ကို ဆုံးဖြတ်ခြင်းဖြစ်ကြောင်း ပြောသည်။<br>မန္တလေး |
| ၁၆ | ၂.၁၁.၁၅ | The Voice Daily Vol (3) No (178) p (10) | Election | **ထီးချိုင့်မြို့နယ် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ရွေးကောက်ပွဲသပိတ်မှောက်မည်**<br>လာမည့် နိုဝင်ဘာတွင် ကျင်းပမည့် ရွေးကောက်ပွဲဆိုင်ရာများနှင့်ပတ်သက်ပြီး ဝေဖန်မှုများပြင်းထန်လျှက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ယှဉ်ပြိုင်မည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးစိန်လှက ရွေးကောက်ပွဲကို အယုံအကြည်မရှိတော့သဖြင့် အချက် ၁၁ ချက်ထုတ်ပြန်ကာ သပိတ်မှောက်မည်ပြီး ဝင်ရောက်ယှဉ်ပြိုင်ခြင်း ပြုတော့မည်မဟုတ်ကြောင်းဆိုသည်။ စစ်ကိုင်းတိုင်းဒေသကြီး ထီး |

| | | | | |
|---|---|---|---|---|
| | | | | ချိုင့်မြို့နယ်အတွက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်းများစာရင်းမှာ ပြည်ခိုင်ဖြိုးပါတီမှ ဦးစိုးစိုး၊ တစ်သီးပုဂ္ဂလ ဦးစိန်လှ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ ဦးစိန်လှိုင်၊ NLD အဖွဲ့ချုပ်ပါတီမှ ဦးမောင်မောင်၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ ဦးဝင်းကြွေတို့ဖြစ်သည်။ NLD အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် ပတ်သက်ပြီး မဟုတ်မမှန်ရေးသားထား သည့်ဗီနိုင်းများ မန္တလေးကျုံးဘေးတွင်ကပ်မှုနှင့် ကိုယ်စားလှယ်လောင်းများအနောင့်အယှက်ပေးမှု စသည်တို့ကို ရွေးကောက်ပွဲကော်မရှင်က အရေးယူခြင်းမရှိသည့်အတွက် ယုဉ်ပြိုင်ဖြစ်တော့မည်မဟုတ်ကြောင်းဆိုသည်။<br>မန္တလေး |
| ၁၇ | ၂.၁၁.၁၅ | The Voice Daily Vol (3) No (178) p (5) | Election | **NLD ပါတီနာယက ဦးတင်ဦး၏ ရခိုင်ပြည်နယ် စည်းရုံးရေးခရီးစဉ် နိုဝင်ဘာ ၂ ရက်တွင် စတင်မည်**<br>NLD နာယက ဦးတင်ဦး၏ ရွေးကောက်ပွဲအောင်နိုင်ရေး ရခိုင်ပြည်နယ် မဲဆွယ်စည်းရုံးရေးခရီးစဉ်သည် နိုဝင်ဘာ ၂ ရက်တွင် စတင်မည်ဖြစ်သည်။ နိုဝင်ဘာ ၂ ရက်မှ ၄ ရက်အထိ ကြာမည်ဖြစ်ပြီး စစ်တွေ၊ အမ်းနှင့် ကျောက်ဖြူမြို့နယ်တို့တွင် မဲဆွယ်စည်းရုံးမှုများပြုလုပ်ရန် စီစဉ်ထားကြောင်း NLD ပါတီ ရခိုင်ပြည်နယ် ဥက္ကဋ္ဌ ဦးညီပုက ပြောသည်။ နိုဝင်ဘာ ၂ ရက်မွန်းလွဲ ပိုင်းတွင် စစ်တွေမြို့ရှိ အာရီယာန်ခန်းမတွင် လူထုဟောပြောပွဲပြုလုပ်မည်ဖြစ်သည်။ အငြိမ်းစားတပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဟောင်းလည်းဖြစ်သူ ဦးတင်ဦးသည် ရခိုင်ပြည်နယ်တွင် စိတ်ဝင်စားဖွယ်အကောင်းဆုံး မဲဆန္ဒနယ်တစ်ခုဖြစ်သော အမ်းမြို့နယ်သို့ သွားရောက်မဲဆွယ်မည်ဖြစ်ပြီး ယင်းဆန္ဒနယ်တွင် တပ်မတော်သားအများစုနေထိုင်ကာ ပြည်ခိုင်ဖြိုးပါတီမှ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဦးမောင်မောင်အုန်းက ယှဉ်ပြိုင်မည်ဖြစ်သည်။<br>Rakhine News Agency |
| ၁၈ | ၂.၁၁.၁၅ | ပြည်မြန်မာ အတွဲ (၃) အမှတ် (၃၉) p (2) | Election | **ရွေးကောက်ပွဲအတွက် ပြိုင်ဆိုင်နေရသော ပါတီများ နားလည်မှုရှိကြမည်ဟု မျှော်လင့်ပြီး ပြင်ပအင်အားစုများ မစွက်ဖက်စေလိုကြောင်း တရုတ်သံအမတ်ပြော**<br>မြန်မာ့နိုင်ငံရေးပါတီများသည် ဒီမိုကရေစီစနစ်အတွက် ပြိုင်ဆိုင်နေကြသည့် အချိန်တွင် အခက်အခဲနှင့် စိန်ခေါ်မှုများကို သည်းခံနားလည်မှုဖြင့် အတူတကွရင်ဆိုင်၍ ကောင်းမွန်စွာဖြေရှင်းသွားနိုင်မည်ဟုမျှော်လင့်ပြီး ပြင်ပမှအင်အားများ ဝင်ရောက်စွက်ဖက်ခြင်းမပြုရန်တိုက်တွန်းလိုကြောင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာဟောင်လျံက နိုဝင်ဘာ ၁ ရက် Sky Net ရုပ်သံလိုင်းမှတစ်ဆင့်ပြောသည်။ မြန်မာနိုင်ငံ၏ ချစ်ကြည်ရင်းနှီးသော အိမ်နီးချင်းနှင့် ပေါက်ဖော်ညီအစ်ကိုအနေဖြင့် မြန်မာနိုင်ငံ |

| | | | | |
|---|---|---|---|---|
| | | | | သည် အောင်မြင်သော ရွေးကောက်ပွဲကို အဆင်ပြေစွာ ကျင်းပနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုရွေးကောက်ပွဲသည် မြန်မာနိုင်ငံ၏ နိုင်ငံအသွင်ကူးပြောင်းရေး တည်ငြိမ်စွာ ရှေ့သို့ တိုးတက်ရေးအတွက် များစွာအထောက်အကူဖြစ်လိမ့်မည်ဟု ယုံကြည်ကြောင်း ပြောသည်။<br>အေဝိုင်အီး |
| ၁၉ | ၂.၁၁.၁၅ | Daily Eleven Pg (24)<br><br>7 Day Daily No. 904 Pg (1, 2) | Election | **ရှားတောမြို့တွင် ကြိုတင်မဲပေးရာ၌ ပြည်ခိုင်ဖြိုးတံဆိပ်ကပ် ဆိုင်ကယ်များဖြင့် လာရောက်မဲပေးသူအချို့တွေ့ရဟုဆို**<br>ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ကယားပြည်နယ် ရှားတောမြို့တွင် အောက်တိုဘာ ၃၁ ရက်နေ့မှစ၍ ကြိုတင်မဲပေးလျက်ရှိရာတွင် မဲစာရင်းကွာဟမှုနှင့် ပြည်ခိုင်ဖြိုးတံဆိပ်ကပ် ဆိုင်ကယ်များဖြင့် လာရောက်မဲပေးမှုများရှိခဲ့သည်ဟု နိုင်ငံရေးပါတီများနှင့် လေ့လာစောင့်ကြည့်သူများထံမှ သိရသည်။ ကျားဖြူပါတီကလည်း မဲရုံအား လေ့လာစောင့်ကြည့်သည်ဟုဆိုကာ မဲရုံရှေ့တွင် ကျားဖြူတံဆိပ်ပါသည့် ကားကြီးအားရပ်ထားလျက်ရှိကြောင်း၊ ရှားတောမြို့ အောင်ချမ်းသာရပ်ကွက်တွင် ကြိုတင်မဲ စုစုပေါင်း ၂၆ ဦး ရှိသည်ဟုဆိုသော်လည်း မဲရုံထဲသို့ ဝင်ရောက်သူ ၂၄ ဦးသာ တွေ့ရှိရကြောင်းနှင့် ဈေးပိုင်းရပ်ကွက်တွင်ကြိုတင်မဲလာရောက်ပေးသူ ၃၁ ဦးသာ တွေ့ရသော်လည်း မဲစာရင်းရေတွက်သည့်အခါ ၃၂ ဦးဖြစ်နေကြောင်းလည်း သိရသည်။ ပြည်မြို့နယ်အတွင်း ကြိုတင်မဲပေးရာ၌အသုံးပြုသည့် UEC ၏ အမှန်ခြစ်တံဆိပ်တုံးမှ မင်ယိုစိမ့်မှုများဖြစ်ပေါ်လျက်ရှိသည်ဟု သိရသည်။ ယင်းသို့ မင်ယိုစိမ့်မှုဖြစ်ပေါ်သည့် မဲလက်မှတ်များမှာ ပယ်မဲမဖြစ်ကြောင်း ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ပဲခူးတိုင်းဒေသကြီးတာဝန်ခံ ဒေါက်တာ ဒေါ်မြင့်ကြည်ကပြောသည်။<br>မခိုင် (လှိုင်ကော်) |
| ၂၀ | ၂.၁၁.၁၅ | 7 Day Daily No. 904 Pg (27) | USDP | **ပြည်ခိုင်ဖြိုး ကိုယ်စားလှယ်လောင်းများသည် စိန်ခဲ၊ မြခဲ၊ ပတ္တမြားများဖြစ်သဖြင့် မဲပေးကြရန် ဦးဉာဏ်ဝင်း မဲဆွယ်**<br>ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ကိုယ်စားလှယ်များသည် စိန်ခဲ၊ မြခဲ၊ ပတ္တမြားခဲများသဖြင့် မဲပေးကြပါရန် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းက အောက်တိုဘာ ၃၁ ရက်နေ့က ပြည်မြို့ လေးထပ်ပြင်အားကစားကွင်းကြီးတွင် ပြုလုပ်သည့် မဲဆွယ်စည်းရုံးဟောပြောပွဲတွင် ပြောကြားခဲ့သည်။ ပြောင်းလဲချိန်တန်ပြီဟု ပြောဆိုသူများအား မည်သည့်အရာကို ပြောင်းလဲချင်သည်ဆိုသည်မှာ မေးခွန်းထုတ်စရာဖြစ်ကြောင်း၊၂ ရွေးကောက်ပွဲတွင် တရားသဖြင့်ယှဉ်ပြိုင်ပြီး အနိုင်ယူသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတည်ဆောက်သည့်အခါတွင် ပြည်သူလူထု ဒုက္ခပင်လယ်ဝေစေသော အဖြစ်မျိုးမရောက်စေရဟု ကတိပေးကြောင်းနှင့် အမျိုးဘာ |

| | | | | |
|---|---|---|---|---|
| | | | | သာသာသနာကို စောင့်ရှောက်ရာ၌လည်း ပြည်ခိုင်ဖြိုးပါတီအား စိတ်ချရန် ဦးဉာဏ်ဝင်းက မဲဆွယ်ပြောကြားခဲ့သည်။ |
| ၂၁ | ၂.၁၁.၁၅ | Daily Eleven Pg (24, 25) | ပါတီ | **ရခိုင်ပြည်နယ်ကို ရခိုင်တိုင်းရင်းသားသားများ တည်ဆောက်မှသာ ရပိုင်ခွင့်များရလာမည်ဟု ယုံကြည်ချက်ဖြင့် ANP အား ဝန်းရံကြရန် ပါတီဥက္ကဋ္ဌ ဒေါက်တာအေးမောင် ပြော**<br>ရခိုင်ပြည်နယ်အား ရခိုင်တိုင်းရင်းသားများ တည်ဆောက်မှသာ ရပိုင်ခွင့်များရလာမည်ဟု ယုံကြည်ချက်ဖြင့် ANP အား ဝန်းရံကြရန် ရခိုင်အမျိုးသားပါတီ (ANP) ဥက္ကဋ္ဌ ဒေါက်တာအေးမောင်က အောက်တိုဘာ ၃၁ ရက်နေ့က တောင်ကုတ် ကျွန်းလီနှင့် ငွမြို့ အောင်နိုင်ရေးမဲဆွယ်စည်းရုံးပွဲတွင် ဒေသခံပြည်သူများအား တိုက်တွန်းပြောကြားခဲ့သည်။ ရခိုင်ပြည်နယ် ပါလီမန်အား ချုပ်ကိုင်ထားနိုင်ရေး၊ သယံဇာတခွဲဝေရေး၊ အမိရခိုင်မြေလုံခြုံရေး၊ တည်ဆောက်လတ္တံ့သော အနာဂတ်ရခိုင်မျိုးဆက်များ၏ အမိမြေ၊ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက် တည်ထောင်သွားနိုင်မည့် အခင်းအကျင်းအားလုံးကို ဖော်ဆောင်နိုင်ရန်အတွက် ရခိုင်အမျိုးသားပါတီအား ဝန်းရံဖို့လိုကြောင်း ဒေါက်တာအေးမောင်က ပြောကြားခဲ့သည်။ NLD ပါတီ၏ လွှမ်းမိုးမှုအောက်၌ ပြည်နယ်အစိုးရဖြစ်လာလျှင် ရခိုင်ပြည်နယ်၏ အချုပ်အခြာအာဏာအတွက် အလွန်စိုးရိမ်စရာဖြစ်မည်ဖြစ်ကြောင်းလည်း ဒေါက်တာအေးမောင်က တောင်ကုတ်မြို့နယ် မဲဆန္ဒရှင်များအား ပြောကြားခဲ့သည်။<br>သားရွှေဦး (ကျစ္စပ) |
| ၂၂ | ၂.၁၁.၁၅ | The Voice Daily Vol (3) No (178) p (1,27) | ၈၈၈ | **ကွဲပြားနေသော နိုင်ငံရေးအင်အားစုများ ပြန်လည်ပေါင်းစည်းမည့် သမ္မတ ရွေးချယ်တင်မြှောက်ရန်လိုဟု ဦးကိုကိုကြီးပြော**<br>၂၀၁၅ ရွေးကောက်ပွဲတွင် အနိုင်ရရှိမည့် နိုင်ငံရေးပါတီက မြန်မာ့နိုင်ငံရေးအခင်းအကျင်းတွင် ကွဲကွဲပြားပြားဖြစ်နေသော နိုင်ငံရေးအင်အားစုများ ပြန်လည်ပေါင်းစည်းပေးမည့် သမ္မတလောင်းကို တင်မြှောက်ရန်လိုအပ်ကြောင်း ၈၈ ငြိမ်း/ပွင့်မှ ဦးကိုကိုကြီးက အောက်တိုဘာ ၃၁ ရက်နေ့က မြို့တော်ခန်းမရှေ့တွင် ပြုလုပ်သော လူ့ဘောင်သစ်ပါတီ မဲဆွယ်စည်းရုံးဟောပြောပွဲတွင် ဆိုသည်။ ယင်းသို့ပြန်လည်ပေါင်းစည်းရန် နောက်လာမည့် သမ္မတတွင် တာဝန်ရှိကြောင်း ၎င်းကပြောသည်။ လက်ရှိမြန်မာနိုင်ငံတွင် လူမှုရေး၊ စီးပွားရေး၊ တိုင်းရင်းသားရေးရာ အကွဲအပြဲကိစ္စအများအပြားကို နောင်လာမည့် သမ္မတအနေနှင့် ဖြေရှင်းနိုင်ဖို့ဆိုသည်မှာ ဖြစ်နိုင်ခြေ နည်းပါးကြောင်း ဒီမိုကရက်တစ်ပါတီ (မြန်မာ) မှ ဥက္ကဋ္ဌ ဦးသုဝေက ပြောသည်။ |

| | | | | |
|---|---|---|---|---|
| ၂၃ | ၂.၁၁.၁၅ | The Voice Daily Vol (3) No (178) p (11) | ၈၈၈ | **ရွေးကောက်ပွဲနေ့တွင် မဲမသမာမှု များ ဖော်ထုတ်ကြရန် ဦးမင်းကို နိုင်တိုက်တွန်း**<br>လာမည့် နိုဝင်ဘာတွင် ကျင်းပမည့် ရွေးကောက်ပွဲတွင် တွေ့ကြုံလာမည့် မဲမသမာမှုများကို ဖော်ထုတ်သွားကြရန် ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ အဖွဲ့ဝင် ဦးမင်းကိုနိုင်က မန္တလေးတိုင်းဒေသကြီး ပလိပ်မြို့ မြေဘုရားဘောလုံးကွင်းတွင် နိုဝင်ဘာ ၁ ရက်နေ့ ညနေ ၄ နာရီက ပြုလုပ်သည့် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး ဟောပြောပွဲနှင့် လူထုတွေ့ဆုံပွဲတွင် ၎င်းက ယင်းသို့ပြောသည်။ မဲမသာမှုများ ရှိလာနိုင်သည့်အတွက် NLD ပါတီကို ချစ်မြတ်နိုးသော လူထုသည် မိမိရှေ့တွင် မဲမသမာမှုများ တွေ့ရှိခဲ့ပါက ဖော်ထုတ်ပေးရန် တိုက်တွန်းလိုကြောင်း NLD ဗဟိုအလုပ်အမှုဆောင် ဒေါက်တာ ဇော်မြင့်မောင်က ပြောသည်။ ဟောပြောပွဲတွင် ၈၈ ငြိမ်း/ပွင့်မှ ဦးမင်းကိုနိုင်၊ ဦးဂျင်မီနှင့် ဒေါက်တာဇော်မြင့်မောင်တို့က ရွေးကောက်ပွဲဆိုင်ရာများကို ဟောပြောခဲ့သည်။<br>မန္တလေး |
| ၂၄ | ၂.၁၁.၁၅ | 7 Day Daily No (905) p (4) | ရခိုင် | **ရခိုင်ပြည်နယ်အတွင်းရှိ အမတ်လောင်းများ၏ မဲဆွယ်ဆိုင်းဘုတ်များ ဖျက်ဆီးခံရမှု ပိုများလာ**<br>ရွေးကောက်ပွဲကာလ နီးကပ်လာချိန် ရခိုင်ပြည်နယ်ရှိ ပါတီ အသီးသီးနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်ဆိုင်းဘုတ်များဖျက်ဆီးခံရမှု များလာကြောင်းသိရသည်။ ရခိုင်ပြည်နယ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ဆိုင်းဘုတ်များ ဖျက်ဆီးခံနေရခြင်းမှာ ပါတီတစ်ခုတည်း၊ တစ်သီးပုဂ္ဂလ တစ်ဦးတည်း၏ ဆိုင်းဘုတ်များ ဖျက်ဆီးခံနေရခြင်းမဟုတ်ဘဲ အင်အားကြီးပါတီများဖြစ်သည့် NLD၊ ရခိုင်အမျိုးသားပါတီနှင့် ပြည်ခိုင်ဖြိုးပါတီတို့၏ ဆိုင်းဘုတ်များလည်း ဖျက်ဆီးခံနေရကြောင်း ပြည်နယ်ရွေးကောက်ပွဲကော်မရှင်က ပြောသည်။ ရခိုင်ပြည်နယ်တွင်သာမက ရှမ်းပြည်နယ်တွင်လည်း လူထုထောက်ခံမှု အတိုင်းအတာ တစ်ခုအထိရရှိထားသည့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်၏ မဲဆွယ်ဆိုင်းဘုတ်များလည်း ဖျက်ဆီးခံရသည်။<br>မောင်ကံ |
| ၂၅ | ၂.၁၁.၁၅ | The Voice Daily Vol (3) No (178) p (2) | ငြိမ်းချမ်းရေး | **မံမော်ရွာနှင့် လော်ကွာကျိုင်းရွာကြား တပ်မတော်ရိက္ခာပို့ယာဉ် တန်းတိုက်ခိုက်ခံရ၊ တပ်မတော်သားလေးဦးကျဆုံး**<br>လောက်ကိုင်ဒေသမှ ရှင်ပင်ကိုင်းကျေးရွာသို့ ထောက်ပံ့ပစ္စည်းများ ပို့ပြီးပြန်လာသည့် တပ်မတော်ယာဉ်တန်းသည် မံမော်ရွာနှင့် လော်ကွာကျိုင်းရွာကြားအရောက် အောက်တိုဘာ ၃၁ ရက်နေ့ ညနေ ၄ နာရီ ၄၅ မိနစ်ခန့်တွင်တွင် အင်အား ၂၀ ခန့်ရှိ လက် |

| | | | | |
|---|---|---|---|---|
| | | | | နက်ကိုင်အဖွဲ့တစ်ခုမှ ချုံခိုတိုက်ခိုက်ခြင်းကြောင့် အရာရှိတစ်ဦးနှင့် အခြားအဆင့် သုံးဦး ကျဆုံးခဲ့ကြောင်း အရှေ့မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှသိရသည်။ အောက်တိုဘာ ၃၁ ရက်တွင် နယ်မြေခံ တပ်မတော်နှင့် တစ်နာရီကျော်ကြာ တိုက်ပွဲဖြစ်ပွားခဲ့သည်။<br>ရန်ကုန် |
| ၂၆ | ၂.၁၁.၁၅ | The Voice Daily Vol (3) No (178) p (3) | ငြိမ်းချမ်းရေး | **NCA လက်မှတ်ထိုးပြီး နစ်ဖက်အဖွဲ့များ လိုက်နာရမည့် တပ်ပိုင်းဆိုင်ရာကျင့်ဝတ်ကို တိုင်းရင်းသား ဘာသာစကားဖြင့် ဖြန့်ဝေမည်**<br>တပ်မတော်နှင့် NCA စာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအကြား နှစ်ဖက်လိုက်နာရမည့် တပ်ပိုင်းဆိုင်ရာကျင့်ဝတ်များကို မြန်မာဘာသာစကားအပြင် တိုင်းရင်းသား ဘာသာစကားဖြင့် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း မြန်မာငြိမ်းချမ်းရေး စင်တာမှ အကြီးတန်းအကြံပေး ဦးလှမောင်ရွှေကဆိုသည်။ သို့သော် NCA လက်မှတ်ရေးထိုးမှုတွင် ပါဝင်ခြင်းမရှိသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ ကိုယ်စားပြုဘာသာစကားများဖြင့် ထုတ်ဝေမည်မဟုတ်ကြောင်း မြန်မာငြိမ်းချမ်းရေးစင်တာမှ အစီအစဉ် ညှိနှိုင်းကြားရေးမှူး ဒေါက်တာ မင်းဇော်ဦးကပြောသည်။ ထို့ပြင် JMC လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရန် အောက်တိုဘာ ၂၉ ရက်မှ ၃၁ ရက်အထိ ရန်ကုန်မြို့ရှိ မြန်မာငြိမ်းချမ်းရေးစင်တာတွင် ဆွေးနွေးပွဲပြုလုပ်မည်ဖြစ်ပြီး ယင်းဆွေးနွေးပွဲတွင် နစ်ဖက်လိုက်နာရမည့် တပ်ပိုင်းဆုင်ရာ ကျင့်ဝတ်ကို ရေးဆွဲ သဘောတူခဲ့ပြီး လာမည့် နိုဝင်ဘာ ၁၆ ရက်တွင် နေပြည်တော်တွင် ပြုလုပ်မည့် JICM ဆွေးနွေးပွဲတွင် အတည်ပြုချက် ယူမည်ဖြစ်ကြောင်း နစ်ဖက်အဖွဲ့အစည်းများက ပြောသည်။<br>ရန်ကုန် |
| ၂၇ | ၂.၁၁.၁၅ | 7 Day Daily No (905) p (7,31) | ငြိမ်းချမ်းရေး | **မည်သည့်အစိုးရသစ်နှင့်မဆို ငြိမ်းချမ်းရေး အမြန်ဆုံးအကောင်အထည်ဖော်ရန် ပူးပေါင်းဆောင်ရွက်မည်ဟု ဦးပေါက်ယိုချမ်ပြော**<br>ရွေးကောက်ပွဲပြီးနောက် မည်သည့်ပါတီမှ ဖွဲ့စည်းသော အစိုးရသစ်နှင့်မဆို တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးဆွေးနွေးပွဲ အမြန်ဆုံး အကောင်အထည်ဖော်ရန် အတူပူးပေါင်းမည်ဟု "ဝ" လက်နက်ကိုင် အဖွဲ့ခေါင်းဆောင် ဦးပေါက်ယိုချမ်က နိုဝင်ဘာ ၁ ရက်တွင်ကြေညာခဲ့သည်။ ရွေးကောက်ပွဲကျင်းပရန် တစ်ပတ်တိတိသာ လိုတော့သည့် နိုဝင်ဘာ ၁ ရက် မှ စတင်ကာ သုံးရက်ကြာ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဌာနချုပ် တည်ရှိရာ ပန်ဆမ်းမြို့တွင် NCA လက်မှတ် မရေးထိုးသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ ၁၁ ဖွဲ့ ညီလာခံကို ကျင်းပလျက်ရှိရာ အိမ်ရှင် "ဝ" လက်နက်ကိုင် အဖွဲ့ခေါင်းဆောင်က သဘောထားနှင့် ရပ်တည်ချက်ကို ကြေညာခဲ့သည်။ ငြိမ်းငြိမ်းပြည့် |

| | | | | |
|---|---|---|---|---|
| ၂၈ | ၂.၁၁.၁၅ | ပြည်မြန်မာ အတွဲ (၃) အမှတ် (၁၉) p (2) | ငြိမ်းချမ်းရေး | **ဝမ်ဟိုင်းအဖွဲ့က မိုင်းနောင်၊ မိုင်းရှူးတို့ရှိ တပ်မတော်ဌာနချုပ်များ ကို ၁၀ ကြိမ်ထက်မနည်း တိုက်ခိုက်မှုရှိနေ**<br>SSA ဝမ်ဟိုင်းအဖွဲ့က အင်အား ၂၀၀ ဖြင့် လွိုင်လင်ခရိုင်၊ ကျေးသီးမြို့နယ်၊ မိုင်းနောင်မြို့အနီး ဝိန်းကောင်ကျေးရွာရှိ တပ်မတော် တပ်ရင်းဌာနချုပ်ကို အောက်တိုဘာ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် လာရောက်တိုက်ခိုက်သည်ကို နိုဝင်ဘာ ၁ ရက်တွင် တပ်မတော်က သတင်းထုတ်ပြန်သည်။ ယင်းတိုက်ခိုက်ခံရမှုတွင် တပ်မတော်မှ အရာရှိ၊ စစ်သည်အချို့ကျဆုံးပြီး ထိခိုက်ဒဏ်ရာရရှိမှုများရှိခဲ့သည့်အပြင် အဆောက်အအုံအချို့လည်း ထိခိုက်ပျက်စီးမှုရှိကြောင်း သိရသည်။ ထို့ပြင် အောက်တိုဘာ ၁၆၊ ၁၈၊ ၂၄၊ ၂၆ နှင့် ၂၈ ရက်တို့ကလည်းဝမ်ဟိုင်းအဖွဲ့က သတ်မှတ်နယ်မြေကျော်လွန်၍ မိုင်းနောင်မြို့အနီး ဝိန်းကောင်ကျေးရွာရှိ တပ်မတော်တပ်ရင်းဌာနချုပ်နှင့် မိုင်းရှူးမြို့ နယ်၊ မိုင်းစံကျေးရွာရှိ တပ်မတော်တပ်ရင်းဌာနချုပ်များကို အကြိမ်ကြိမ် တိုက်ခိုက်မှုများရှိသည်။<br>IRIS |
| ၂၉ | ၂.၁၁.၁၅ | 7 Day Daily No (905) p (8) | ငြိမ်းချမ်းရေး | **NCA လက်မှတ်မရေးထိုးသော လက်နက်ကိုင်အဖွဲ့များ ညီလာခံ KNU ဒုဥက္ကဋ္ဌ တက်ရောက်**<br>KNU ဒုဥက္ကဋ္ဌ နော်စီဖိုးရာစိန်သည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ် NCA လက်မှတ်မရေးထိုးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခေါင်းဆောင်များသီးသန့် ညီလာခံသို့ တက်ရောက်လာသည်။ နော်စီဖိုးရာစိန်သည် ပြီးခဲ့သည့် မေလက ပြုလုပ်ခဲ့သည့်ပထမအကြိမ ပန်ဆန်းညီလာခံသို့ တက်ရောက်ခဲ့ပြီး ယခုတစ်ကြိမ်တက်ရောက်ရာတွင်လည်း ခေါင်းဆောင်များ မိတ်ဆက်ပွဲတွင် KNDO အနေဖြင့် မိတ်ဆက်ခြင်း မပြုလုပ်ခဲ KNU ဥက္ကဋ္ဌအဖြစ်သာ တက်ရောက်ခဲ့သည်။ ပန်ဆန်းညီလာခံကို နိုဝင်ဘာ ၁ ရက်မှ သုံးရက်ကြာ ပြုလုပ်မည်ဖြစ်ပြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအနေဖြင့် လာမည့်ရက်ပိုင်းအတွင်း ပြုလုပ်မည့် ရွေးကောက်ပွဲအပေါ် သဘောထား၊ နောက်တက်လာမည့် အစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးရေး စသည်တို့ကို အဓိကထားဆွေးနွေးခဲ့သည်။<br>ငြိမ်းငြိမ်းပြည့် |
| ၃၀ | ၂.၁၁.၁၅ | Daily Eleven Pg (24) | ငြိမ်းချမ်းရေး | **ရှမ်းပြည်နယ် မိုင်းရှူးတွင် တိုက်ပွဲများဖြစ်ပွား**<br>ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းရှူးမြို့နယ်ရှိ ကျေးရွာအချို့တွင် အောက်တိုဘာ ၃၁ ရက်နေ့က တိုက်ပွဲများ ပြင်းပြင်းထန်ထန်ဖြစ်ပွားခဲ့သည်ဟု SPPP ပြောခွင့်ရှိသူ ဗိုလ်မှူးကြီး စိုင်းလက ပြောကြားသည်။ တိုက်ပွဲများကြောင့် မိုင်းရှူးမြို့ အနီးတစ်ဝိုက်ရှိ ကျေးရွာများမှ ရွာသူ ရွာသားများမှာ ဘေးကင်းရာသို့ ထွက်ပြေးတိမ်းရှောင်နေကြရကြောင်း ၎င်းကပြောသည်။ အောက်တိုဘာ ၆ ရက် |

| | | | | |
|---|---|---|---|---|
| | | | | နေ့မှ ဖြစ်ပွားလာခဲ့သော တိုက်ပွဲပေါင်း ၆၀ နီးပါးရှိခဲ့ပြီး မိုင်းရှူး တစ်ဝိုက်ရှိ ကျေးရွာများမှ ဒေသခံ ၆၀၀၀ နီးပါးသည် စစ်ဘေးဒဏ်နှင့် ကင်းဝေးရာနေရာဒေသများသို့ ထွက်ပြေးတိမ်းရှောင်နေရကြသည်ဟု သိရသည်။ |
| ၃၁ | ၂.၁၁.၁၅ | 7 Day Daily No. 904 Pg (7) | တပ်မတော် | **တပ်မတော်ကို အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်ရန် ဆောင်ရွက်ရမည်ဟု ဦးလှဋ္ဌေးဝင်းပြော**<br>ဒို့တာဝန်အရေးသုံးပါး တည်တံ့ခိုင်မြဲရေးအတွက် တပ်မတော်၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးသောကြောင့် တပ်မတော်အား အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်အောင် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ကြံ့ခိုင်ရေးပါတီ ဗဟိုအလုပ်အမှုဆောင် ဇေယျာသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှဋ္ဌေးဝင်းက အောက်တိုဘာ ၃၁ ရက်နေ့က နေပြည်တော်တွင်ပြုလုပ်သည့် ကိုယ်စားလှယ်လောင်းတွေ့ဆုံပွဲတွင် ပြောကြားသည်။ ပြည်ခိုင်ဖြိုးပါတီအနေဖြင့်လည်း ပြည်သူ့အကျိုးကိုရှေးရှုပြီး အစိုးရအုပ်ချုပ်ရေးစနစ်မှ ပြည်သူအုပ်ချုပ်ရေးစနစ်အသွင်ကို ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်ဟုလည်း ၎င်းကပြောသည်။<br>နန်းအောင် |
| ၃၂ | ၂.၁၁.၁၅ | 7 Day Daily No (905) p (6) | Other | **ဖမ်းဆီးခံထားရသော ကျောင်းသား၊ အလုပ်သမား၊ လယ်သမားနှင့် နိုင်/ကျဉ်းများ ပြန်လွှတ်ရေး အလုပ်သမားများ ဆန္ဒပြ**<br>ဖမ်းဆီးခံ အလုပ်သမား၊ လယ်သမား၊ ကျောင်းသားများနှင့် ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများကို ပြန်လွှတ်ပေးရန် ရန်ကုန်မြို့မှ အလုပ်သမား ၅၀ ခန့်က နိုဝင်ဘာ ၁ ရက်တွင် သိမ်ကြီးဈေးမှ ဆူးလေစေတီတော်အထိ လမ်းလျှောက်ကာ ပန်းဆိုးတန်းလမ်းမှ သိမ်ကြီးဈေးအထိ ထိုမှတစ်ဆင့် အနော်ရထာလမ်းအတိုင်း ဆန္ဒပြတောင်းဆိုခဲ့ကြသည်။ ရန်ကုန်မြို့တွင် ဖမ်းဆီးခံထားရသော အလုပ်သမား ခုနစ်ဦးခန့်ရှိကြောင်း အလုပ်သမားခေါင်းဆောင် ကိုကျော်မျိုးကပြောသည်။ ခွင့်ပြုချက်မရှိဘဲ ဆန္ဒပြမှုကြောင့် ကျောက်တံတားမြို့နယ် ရဲတပ်ဖွဲ့နှင့် ပန်းဘဲတန်းမြို့နယ် ရဲတပ်ဖွဲ့တို့က ပုဒ်မ ၁၈ ဖြင့် အရေးယူမည်ဟု သိရသည်။<br>ငြိမ်းချမ်း |
| ၃၃ | ၂.၁၁.၁၅ | Daily Eleven Pg (21) | Other | **အစာငတ်ခံဆန္ဒပြနေသည့် ကျောင်းသားများ၏ တောင်းဆိုချက်အား အစိုးရအနေဖြင့် လိုက်လျောပေးရန် NNER တောင်းဆို**<br>အကျဉ်းထောင်အတွင်း အစာငတ်ခံ ဆန္ဒပြနေသူများ၏ တောင်းဆိုချက်ဖြစ်သည့် နိုင်ငံရေးအကျဉ်းသားများ အမြန်ဆုံးပြန်လွှတ်ပေးရေးအား အစိုးရအနေဖြင့် အမြန်ဆုံးလိုက်လျောပေးရန် NNER မှ အောက်တိုဘာ ၃၀ ရက်နေ့က သဘောထားကြေညာ |

| | | | | |
|---|---|---|---|---|
| | | | | ချက်ထုတ်ပြန် တောင်းဆိုလိုက်သည်။ ကိုအောင်မိုင်းဆန်းအပါ အဝင် ကျောင်းသားလေးဦး၏ အစာငတ်ခံ ဆန္ဒပြနေမှုအပေါ် NNER မှ စိုးရိမ်လျက်ရှိကြောင်း၊ ကျောင်းသားများနှင့် ဝန်းရံပြည်သူ များကို ဖမ်းဆီးချုပ်နှောင်ထားသည်မှာ ကာလကြာမြင့်ပြီဖြစ်သဖြင့် တရားမျှတမှုကို လိုလားကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထား သည်။<br>ညက်ဝင်းရှိန် |
| ၃၄ | ၂.၁၁.၁၅ | The Voice Daily Vol (3) No (178) p (5) | Other | **အပန်းဖြေကစားကွင်း ဆောက်လုပ်မှုကို တားမြစ်မှုကြောင့် BGF အဖွဲ့အင်အား တစ်ထောင်ကျော်ဖြင့် ဆန္ဒထုတ်ဖော်မည်ဟုဆို**<br>ကရင်ပြည်နယ် နယ်ခြားစောင့်တပ် BGF အဖွဲ့က ကရင် ပြည်နယ် ဘားအံမြို့နယ်အတွင်း အပန်းဖြေ အားကစားကွင်း ဆောက်ခြင်းကို ပြည်နယ်အစိုးရအဖွဲ့က တားမြစ်ခြင်းကြောင့် BGF အင်အား ၁၀၀၀ ကျော်ဖြင့် နိုဝင်ဘာ ၇ ရက်တွင် ဆန္ဒထုတ်ဖော် မည်ဖြစ်ကြောင်း BGF အဖွဲ့မှ ဗိုလ်မှူးနိုင်မောင်ဇော်က ပြောသည်။ ယင်းဆန္ဒထုတ်ဖော်ခြင်းကို ဘားအံမြို့နယ်ရှိ ကရင်ပြည်နယ်အဖွဲ့ ရုံးရှေ့တွင် ပြုလုပ်မည်ဖြစ်ပြီး ဆန္ဒထုတ်ဖော်ရာတွင် လိုက်ပါ မည့် BGF အဖွဲ့ဝင်များအားလုံး စစ်ထွက်ဝတ်စုံ၊ လက်နက်ခဲယမ်း အပြည့်အစုံ ပါရှိရမည်ဟု ညွှန်ကြားထားကြောင်း BGF အဖွဲ့ အောက်တိုဘာ ၃၀ ရက်နေ့က ထုတ်ပြန်ထားသည်။<br>ရန်ကုန် |

## ONLINE NEWS

## U THEIN SEIN

### သမ္မတ ပါတီ မဲဆွယ်စည်းရုံးရေး လုပ်နေသလား

01.11.2015

ပါတီမဲဆွယ်စည်းရုံးရေးလုပ်ငန်းလုပ်ရာတွင်အစိုးရတာဝန်နှင့်ခွဲခွဲခြားခြားလုပ်ကြရန်ဥပဒေစည်းမျဉ်းများရှိနေပါသော် လည်း သမ္မတဦးသိန်းစိန်၊ အစိုးရအဖွဲ့နှင့် ပြန်ကြားရေး ဝန်ကြီးဌာနသည် ရွေးကောက်ပွဲအတွက် ချမှတ်ထား သည့် ဥပဒေစည်းကမ်းများချိုးဖေါက်ကာဆက်လုပ်ကိုင်နေကြသည်။သမ္မတ၏ခရီးစဉ်အား ပြည်ခိုင်ဖြိုးပါတီမဲဆွယ်စည်းရုံး ရေးပုံစံလုပ်ပြီး ဘက်မလိုက်ပါ၊ မဲဆွယ်ခြင်းများမထည့်ပါဆိုသည့်အစိုးရပိုင် မီဒီယာများတွင် နေ့စဉ်ရက်ဆက်ဖော်ပြ နေကြ သည်။ သမ္မတ၊ အစိုးရအဖွဲ့ နှင့် ပြန်ကြားရေး ဝန်ကြီးဌာ၏ လုပ်ရပ် များအား ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မှ အရေးယူ ဆောင်ရွက်မည် မဟုတ်သဖြင့်သမ္မတ၊ ပြည်ခိုင်ဖြိုးပါတီ၊ ပြန်ကြားရေး ဝန်ကြီးဌာနနှင့်အစိုးရ သတင်းစာများအားပြည်သူလူထုမှပိုပိုပြီးအယုံအကြည်နည်းစေသည့်အကျိုးဆက်သာ ရမည်ဖြစ်ပါကြောင်းသုံးသပ် တင်ပြထားသည်။ စည်သူအောင်မြင့်

http://burmese.voanews.com/content/news-analysis-sithu-aungmyint-president-thein-sein-voting-campaign/3031914.html

**THURA U SHWE MANN**

**ဒေါ်အောင်ဆန်းစုကြည်နှင့် ပူးပေါင်းမှုကြောင့် ကြံ့ခိုင်ရေးပါတီ ဥက္ကဋ္ဌအဖြစ်မှ ဖယ်ရှားခံရခြင်း ဖြစ်နိုင်ကြောင်း သူရဦးရွှေမန်းဆို**

တောင်ငူ၊ 31.10.2015

ဒေါ်အောင်ဆန်းစုကြည်နှင့် ပူးပေါင်းမှုကြောင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဥက္ကဋ္ဌရာထူးမှ ဖယ်ရှားခံခဲ့ရခြင်း ဖြစ်နိုင်ကြောင်း သူရဦးရွှေမန်းက ပြောကြားသည်။ဒင်းဝင်ရောက်ယှဉ်ပြိုင်မည့်ဖြူးမြို့နယ်ကညွှတ်ကွင်းတွင် မီဒီယာများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့ခြင်း ဖြစ်သည်။ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်နေသော အတိုက်အခံပါတီ အပါအဝင်ပါတီများ၊ ပြည်သူလူထု ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်ဟု ယူဆ၍ လုပ်ဆောင်ခဲ့မှုအပေါ် သမ္မတ ခေါင်းဆောင်သည့် အစုအဖွဲ့မှ သဘောထားကွဲလွဲခဲ့သည့် ပုံစံရှိခဲ့သောကြောင့် ယင်းသို့ ဖြစ်ပေါ်လာသည်ဟု ယူဆရကြောင်းသူရဦးရွှေမန်းက ဆိုသည်။ ကိုယ်တစ်ယောက်တည်း အာဏာရအောင်ယူမယ် ဆိုသည့် ကိစ္စသည် အင်မတန် ခက်ခဲသည်ဟုဒင်းက ထပ်လောင်း ပြောကြား သည်။ ရွေးကောက်ပွဲ ရလဒ် မည်သို့ ပေါ်ထွက်ပေါ်သည် ဖြစ်စေ ပါတီမှ နုတ်ထွက်မည်မဟုတ်ကြောင်း ပါတီဥက္ကဋ္ဌ (ပူးတွဲ) ဟောင်း သူရဦးရွှေမန်းက ပြောကြား သည်။ ပါတီတွင် ကြီးမားသော တာဝန် ပေးအပ်မှုရှိပါက ဆက်လက်ထမ်းဆောင်လိုကြောင်းထပ်လောင်းပြောကြားသည်။

http://thevoicemyanmar.com/index.php/news/item/8747-das#sthash.DXkXzVdK.dpuf

**http://mizzimaburmese.com/article/6793#sthash.lBAzRw00.dpuf**

**NLD**

**ဒီချုပ်တင်မည့် သမ္မတလောင်းမှာ နိုင်ငံတကာ သံတမန်အသိုင်းအဝိုင်းနှင့် ရင်းနှီးသည့် ဇဟာန်းမြို့နယ်မှ ပါတီဝင်တစ်ဦးဖြစ်နိုင်ဟု လယ်ရီဂျေဂင်ခန့်မှန်း**

2.11.2015

ရွေးကောက်ပွဲတွင် အနိုင် ရခဲ့ပါ က NLD  မှ သမ္မတ လောင်းအဖြစ် ရွေးချယ်တင်မြှောက်မည့် ပုဂ္ဂိုလ်မှာ နိုင်ငံတကာ သံတမန်အသိုင်းအဝိုင်းနှင့်ရင်းနှီးမှုရှိသည့်ဇဟာန်းမြို့နယ်မှပါတီဝင်အမျိုးသားတစ်ဦးဖြစ်ဖွယ်ရှိကြောင်းမြန်မာ့နိုင်ငံရေး လေ့လာသူ နိုင်ငံရေးပညာရှင် လယ်ရီဂျေဂင်က ခန့်မှန်းပြော ကြားသည်။NLD မှတင် မြှောက်သည့် ဒုသမ္မတလောင်းသည်လွှန်ခဲ့သည့်သုံးလခန့် မှ ဇဟာန်း တွင်ပါတီဝင်ထားပြီးနိုင်ငံတကာသံတမန်အသိုင်းအဝိုင်း၌အလုပ်လုပ်ကိုင်ဖူးသူ၊ ဒေါက်တာသန့်မြင့်ဦးကဲ့သို့ နာမည်ကျော်ကြားခြင်းမရှိသော်လည်းဒေါက်တာသန့်မြင့်ဦးကဲ့သို့ပင် နိုင်ငံတကာသံတမန်အသိုင်းအဝိုင်းနှင့်ရင်းနှီးသူအမျိုးသားတစ်ဦးဖြစ်လာနိုင်ဖွယ်ရှိသည်ဟုခန့်မှန်းပြောကြားခြင်းဖြစ်သည်။သို့သော် ဒင်း၏ ခန့်မှန်းမှုများမှာ ဖြီးဖြန်းပြောဆို ခြင်းများသာ ဖြစ်ပြီး ဒီချုပ်ပါတီမှ တင်မြှောက်မည့် ဒုသမ္မတလောင်းမည်သူမည်ဂါဖြစ်လာမည်ဆို သည်ကို ရွေးကောက်ပွဲပြီးစီးချိန် မှသာ အများပြည်သူသို့ အသိပေး ထုတ်ပြန်မည်ဖြစ်ကြောင်း NLD ဇဟို

ကော်မတီဝင် ဦးဝင်းထိန်က ပြော သည်။ပြည်တွင်းနိုင်ငံရေးလေ့ လာသူများကမူ လယ်ရီဂျေဂင်၏ ခန့်မှန်းမှုမှာဗဟန်း NLD ပါတီဝင်၊ဆရာကြီးမင်းသုဝဏ်၏ သား ဦးထင်ကျော်ကိုပါတီ၏ သမ္မတလောင်းဖြစ်လာနိုင်သူအဖြစ်ထင်မြင်ချက်ပေး ခြင်းဖြစ်နိုင်ကြောင်း ခန့်မှန်းပြော ကြားကြသည်။

http://www.7daydaily.com/story/50013

PEACE/ARM CONFLICT

## မည်သည့်အစိုးရသစ်နှင့်မဆို ငြိမ်းချမ်းရေးအမြန်ဆုံးအကောင်အထည်ဖော်ရန် ပူးပေါင်းဆောင်ရွက်မည်ဟု ဦးပေါက်ယိုချမ်ပြော

2.11.2015

ရွေးကောက် ပွဲ ပြီးနောက် မည်သည့်ပါတီမှ ဖွဲ့စည်းသော အစိုးရသစ်နှင့် မဆို တစ်နိုင်ငံလုံး ငြိမ်းချမ်းရေး ဆွေးနွေးပွဲ အမြန်ဆုံးအကောင်အထည်ဖော်ရန် အတူပူးပေါင်းမည်ဟု'ဂ' လက်နက်ကိုင်ခေါင်းဆောင်ဦးပေါက်ယိုချမ်ကနိုဝင် ဘာ ၁ ရက်တွင် ပြောကြားသည်။၎င်းမှဆက်လက်ပြောရာတွင် နောက်ပိုင်းနိုင်ငံရေး ဆွေးနွေးမှုများသည် ချောမွေ့ ပြေပြစ်မှုမရှိဘဲ ကြိမ်ဖန်များစွာ ငြင်းခုံမှု နှင့် တိုက်ခိုက်မှုရှိပြီး သွေးထွက် သံယိုမှုမရှိသောတိုက်ပွဲဖြစ်မည်။ သို့ဖြစ်၍ လူနည်းစု တိုင်းရင်းသားများ ပိုမိုစည်းရုံးပြီးယင်းအခက်အခဲများကိုရင်ဆိုင်ရမည်ဟု ဆိုသည်။ယခုတွေ့ဆုံခြင်းမှာရွေး ကောက်ပွဲ ပြီးနောက် အခြေအနေ အရ ရှေ့ဆက်ရမည့်လမ်းစဉ်နှင့် ဖွံ့ဖြိုးရေးအတွက် ညှိနှိုင်းဆွေး နွေးရန်ဖြစ်သည်ဟုဆိုသည်။ ရွေးကောက်ပွဲပွင့်လင်းမြင်သာပြီး မျှတစွာချောချောမွေ့မွေ့ကျင်းပနိုင်ရေးကို ထောက်ခံကြောင်း၊အစိုးရသစ်ကို ပင်လုံ စိတ်ဓာတ်နှင့် ကိုက်ညီသောအမျိုးသားပြန်လည် သင့်မြတ်ရေးကို အကောင်အထည်ဖော်ပြီး စစ်မှန်သော ဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတည်ဆောက် ရန်တိုက်တွန်းကြောင်း အချက် လေးချက်ကို ထုတ်ပြန်ခဲ့သည်။ နိုဝင်ဘာ၃ရက်တွင် သတင်းစာရှင်း လင်းပွဲ ပြုလုပ်မည်ဖြစ်သည်။ငြိမ်းငြိမ်းပြည့်

http://www.7daydaily.com/story/50007

## အပစ်ရပ်ကာလ စည်းမျဉ်း NCA စောင့်ကြည့်အဖွဲ့ဆွေးနွေး

01.11.2015

ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး ဆိုင်ရာ ပူးတွဲ စောင့်ကြည့် ကော်မီတီ (Joint Monitoring Committee- JMC) အစည်းအဝေးအားယမန်နေ့တွင်MPC ၌ နောက်ဆုံးနေ့အဖြစ်ကျင်းပခဲ့သည်။ဆွေးနွေးပွဲတွင် အစိုးရတပ်များနှင့်တိုင်းရင်းသား လက်နက်ကိုင် တပ်များ နစ်ဖက်လိုက်နာရမည့် စည်းမျဉ်းစည်းကမ်း (Code of Conduct) များအား လာမည့် တစ်လ အတွင်း အပြီးသတ် ရေးဆွဲနိုင်မည်ဟု မျှော်လင့်ကြောင်း MPC မှပြောပါသည်။ ဉာဏ်ဝင်းအောင်

http://burmese.voanews.com/content/cease-fire-period-code-of-conducts-nca-talks-/3031303.html

**RAKHINE NEWS**

## ရိုဟင်ဂျာများကို ဘင်္ဂါလီများအဖြစ် စာရင်းကောက်နေမှု ရပ်တန့်ရန် ကုလသမဂ္ဂ ဆုံးဖြတ်ချက် ထုတ်ပြန်

1.11.2015 M-Media

ရိုဟင်ဂျာများကိုယ်တိုင် ငြင်းဆိုသည့် ဘင်္ဂလီ အမည်နာမအား သတ်မှတ်ရန်မြန်မာအစိုးရ၏ မူဝါဒအတွက်ဆုံးဖြတ်ချက် မူကြမ်းတစ်ခု ကုလသမဂ္ဂတွင် တင်သွင်းခဲ့ပြီး ရိုဟင်ဂျာများအား အပြည့်အဝ နိုင်ငံသားဖြစ်ခွင့် ပေးရန် မြန်မာအစိုးရအား ထိုမူကြမ်း၌ တိုက်တွန်းထားသည်။ဥရောပသမဂ္ဂမှ တင်သွင်းသော အဆိုပါမူကြမ်းတွင် ရိုဟင်ဂျာများအပေါ် ထားရှိသော မူဝါများကို ပြောင်းလဲရန်၊ ဖြစ်နိုင်ပါကနိုဝင်ဘာ ဒုတိယသီတင်းပတ်၌ သမ္မတဘာရက်အိုဘားမားမလာရောက်ခင်အလျင် ပြောင်းလဲရန် မြန်မာအစိုးရအား ဖိအားပေးထားသည်။ထို့ပြင် ရိုဟင်ဂျာများ၏ အခြေအနေနှင့်ပတ်သက်၍လည်း အလွန် အမင်းစိုးရိမ်သည်ဟု ဖော်ပြထားပြီး လူနည်းစု ရိုဟင်ဂျာများအား လွတ်လပ်စွာ သွားလာ လှုပ်ရှားခွင့်ပေးရန်၊ပြည့်ဝသော နိုင်ငံသားသတ်မှတ်ပေးရန်နှင့်၎င်းတို့အား၎င်းတို့၏သဘောဆန္ဒအတိုင်းသတ်မှတ်ခွင့်ပေးရန်မြန်မာအစိုးရအားတိုက်တွန်း ထား သည်။ မြန်မာ အစိုးရမှ ၎င်းတို့အား ဘင်္ဂလားဒေ့ရှ်မှ ခိုးဝင်လာသည့် ဘင်္ဂါလီများဖြစ်သည်ဟု သတ်မှတ်ထားသည့် အပြင်မကြာသေးမီကာလတွင် "ရခိုင်စီမံချက်" အစီအစဉ် တစ်ခုထုတ်ပြန်ခဲ့ပြီး ထိုအစီအစဉ်အရ ရိုဟင်ဂျာများမှာ နိုင်ငံ သားအဖြစ် သတ်မှတ်ခြင်းမခံရဘဲဒုက္ခသည်စခန်းများတွင် နေထိုင်ရကာ တိုင်းပြည်မှနှင်ထုတ်ခြင်းကိုခံရဖွယ်ရှိနေသည်။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးသံတမန် ဗီဂျေးနမ်ဘီးယားမှလည်း မြန်မာအစိုးရအနေဖြင့် ရိုဟင်ဂျာများအား အသိမှတ်ပြုရေးအတွက် ဖိအားပေးမှုများကို တိုးမြှင့်ရင်ဆိုင်ရမည်ဟု ယခုသီတင်းပတ်အတွင်းပြောကြားခဲ့သည်။AP

http://www.m-mediagroup.com/news/33704

## သမိုင်းပါမောက္ခ ဒေါက်တာအေးချမ်း ကျောက်တော်တွင် ဟောပြောပွဲပြုလုပ်

စစ်တွေ၊ 2.11.2015

သမိုင်း ပညာရှင် ပါမောက္ခ ဒေါက်တာအေးချမ်း သည် ရခိုင်ပြည်နယ် ကျောက်တော်မြို့တွင် နိုဝင်ဘာလ ၁ ရက်နေ့၌ **ရခိုင်သမိုင်းကပေးအပ်သော တာဝန်**ခေါင်းစဉ်ဖြင့် သမိုင်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲတစ်ခုကို ပြုလုပ်ခဲ့သည်။ ၎င်းအခမ်းအနားကိုနယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန် ဒေါက်တာစံရွှေအောင်၏ ပံ့ပိုးကူညီမှုဖြင့်ပြုလုပ်ခဲ့ သည်။ယခုဟောပြောပွဲတွင် ယခင်ကဲ့သို့ ဘင်္ဂလီ အကြောင်းဖောင်းပေးပြီး ဟောပြောခဲ့ခြင်းမဟုတ်ဘဲ ရခိုင်များကြိုးစား ခဲ့သည့်အကြောင်း အောင်မြင်ကျော်ကြားခဲ့ပြီး ခမ်းနားကြီးကျယ်သည့် ဘုရင့်နိုင်ငံ ထူထောင်နိုင်ခဲ့သည်ကို ဟောပြောခဲ့ သည်ဟုကျောက်တော်မြို့လူမှုကွန်ရက်ခေါင်းဆောင် ဦးဇော်ဝင်းက နိရဥ္စရာသတင်းဌာနသို့ပြောသည်။ရခိုင်လူမျိုးများ ၏ အားနည်းချက် ကျဆုံးခန်းများကို ရခိုင် သမိုင်းကြောင်းထဲမှ ကောက်နုတ်ဟောပြောခဲ့သည်။ဟောပြောပွဲ အပြီးတွင် ခေါင်းဆောင်ကောင်းနောက်ကို လိုက်ရန်၊ ရခိုင် အမျိုးသားပါတီမှ ရွေးကောက်ပွဲဝင်မည့် ကိုယ်စားလှယ်လောင်း ၄ ဦး အား မဲပေးရန် ၂၀၀ခန့်ရှိသော ပရိသတ်အားဟောပြောခဲ့သည်။နိုဝင်ဘာလ၄ ရက်နေ့တွင်ထိုခေါင်းစဉ်ဖြင့်ပင်မင်းပြား မြို့တွင်လည်း ဟောပြောသွားမည်ဟု သိရသည်။ စံမောင်သန်း Arakan State

CDNH မှ ပြုစု ဖြန့်ဝေခြင်းဖြစ်ပါသည်။

**ELECTION**

## နိုဝင်ဘာ ရွေးကောက်ပွဲအလွန် အစိုးရသစ် ထိုင်ခုံအတွက် အလုပ်များနေသူ သုံးဦး

1.11.2015

အာဏာရနှင့် အတိုက်အခံ အင်အားစုအကြား ရှာမတွေ့နိုင်သေးသည့် ဘုံလမ်းစဉ်က ၂၀၁၅ အလွန်အပြောင်း အလဲတို့၏ခြေလှမ်းသစ်ကိုစိုးရိမ် ဖွယ်အနေအထားတစ်ရပ်သို့ တွန်းပို့နေကြောင်း ပြည်တွင်းပြည်ပ လေ့လာသူအချို့မှသတိပေးလျက် ရှိသည်။"ရွေးကောက်ပွဲအလွန်က တကယ်စိုးရိမ်စရာ ကောင်းတယ်" ဟုဥရောပသံအရာရှိတစ်ဦး The Voice သို့ ပြောဆိုသည်။ရွေးကောက်ပွဲ  အဆုံးအဖြတ်ပြုချိန် အနိုင်အတွက် မော်ကြွားသူနှင့်အရှုံးကိုလက်မခံနိုင်သူများထိပ်တိုက်တိုးလျှင် ပဋိပက္ခဖြစ်စဉ်များသို့ ဦးတည်သွားနိုင်ပြီး နိုဝင်ဘာနှောင်းပိုင်းနှင့် ၂၀၁၆ နှစ်ဦး၏ ကြားကာလ အခြေအနေမှာ ခန့်မှန်းရခက်ကြောင်း အထက်ပါ သံအရာရှိက မှတ်ချက်ပြုသည်။သမ္မတနှင့် ဒေါ်အောင်ဆန်းစုကြည်တို့၏ အေးခဲသွားသော ဆက်ဆံရေး၊ တပ်မတော်နှင့် NLD တို့ အစေးမကပ်သေးသည့် အခြေအနေတွင် အတိုက်အခံပါတီ အနိုင်ရလျှင် တည်ငြိမ်အေးချမ်းသော အာဏာအလွှဲအပြောင်းကို မြင်တွေ့ရန် မလွယ်ဟု လေ့လာသူတို့က ခန့်မှန်းထားသည်။

နော်ကိုကို

http://thevoicemyanmar.com/index.php/article/item/8751-bkt#sthash.45DvRiL4.dpuf

http://thevoicemyanmar.com/index.php/article/item/8751-bkt

**OTHER**

## သစ်ခိုးထုတ်မှု အရှိန်ရနေဆဲ

2.11.2015

လွန်ခဲ့သည့်  (၂) နှစ်အတွင်း တရုတ်နှင့် ထိုင်းကို သစ်ခိုးထုတ်မှု (၆၀၀) ကျော် ဖမ်းဆီး နိုင်ပြီး၊ ကျပ်ငွေသန်း (၃၀၀၀) တန်းဖိုးရှိကြောင်းတရားမဝင် ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီမှ မကြာမီက ကြေညာထားသော်လည်း ယူနန်သို့သစ်ခိုးထုတ်သည့် ပမာဏဟာ ကုဗမီတာ (၉) သိန်းနီးပါး ရှိနေပြီဟုလန်ဒန်အခြေစိုက် EIA-Environmental Investigation Agency ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။ သစ်ခိုးထုတ်မှုတွင် ဒေသခံ အစိုးရပါဝင်ကြောင်းဒေါ်စုမှ မိုးမောက်တွင် ဟောပြောသဖြင့် ကချင်ပြည်နယ်အစိုးရမှ အောက်တိုဘာလ (၁၀) ရက်တွင် ကြေညာချက်ထုတ်ပြန်ကန့်ကွက်ထားသည်။နှစ်စဉ်တောပြုန်းနှုန်းသည် ဧက (၂) သိန်းကျော်ရှိ ရာ ယခုအစိုးရ လက်ထက်တွင် (၂) ဆတိုးပြီး ဧက (၄) သိန်းခွဲ ဖြစ်လာသည်။ဦးအောင်ခင်, ကျော်ကျော်သိန်း / ဗွီအိုအေ (မြန်မာပိုင်း)

http://burmese.voanews.com

**Rohingya Peace Network Of Thailand**

2.11.2015 ·

ထိုင်းနိုင်ငံအတွင်းအပြည်ပြည်ဆိုင်ရာ ရိုဟင်ဂျာ ညီလာခံ ကျင်းပနိုင်ရေးအတွက် ပြည်တွင်းပြည်ပ ရိုဟင်ဂျာ များအား ဖိတ်ခေါ် ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။ထိုင်းနိုင်ငံသို့အကြောင်းအမျိုးမျိုးကြောင့်ရောက်ရှိနေသော လေ့စီးပြေးရိုဟင်ဂျာ ဒုက္ခသည်များနှင့်ပါတ်ပြီး ၊ မြန်မာနိုင်ငံအတွင်း ရိုဟင်ဂျာလူမျိုးများကို လူမျိုးတုန်း သတ်ဖြတ်မှု Genocide ဖြစ်စဉ်များအား Muslim Foundation of Thailand မှ အကြီးအကဲများမှ  မေးမြန်းခဲ့ပြီး ထိုင်းနိုင်ငံအတွင်းကျင်းပမည့် ရိုဟင်ဂျာ အစည်းဝေး၏ ရည်ရွယ်ချက်များကို ပြန်လည်ပြောဆို ရှင်းပြခဲ့သည်။ထိုင်းနိုင်ငံအတွင်း ရိုဟင်ဂျာ အပြည်ပြည်ဆိုင်ရာ ညီလာခံကြီးအား ၂၀၁၆ နှစ်ဆန်းပိုင်တွင်ကျင်းပသွားမည် ။ ရိုဟင်ဂျာ ငြိမ်းချမ်းရေးကွန်ယက်တာဝန်ခံ -

ဟာဂျီအီစမိုင်း